## ၂.၅ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု

(က) EITI စံနှုန်းကို အကောင်အထည်ဖော်သည့်နိုင်ငံများအနေဖြင့် ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုကဏ္ဍများတွင် စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းအတွက် လိုင်စင်များ (သို့) စာချုပ်များ ရှိထားသော (သို့) လျှောက်ထားသော (သို့) အကျိုးအမြတ်များ ပါဝင်သော စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို အများပြည်သူသိရှိနိုင်စေရန် မှတ်ပုံတင်စာရင်း ပြုစုထိန်းသိမ်းရန် အကြံပြုပါသည်။ ယင်းတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များ၊ ပိုင်ဆိုင်မှုပမာဏနှင့် မည်သို့ပိုင်ဆိုင်ထိန်းချုပ်နေသည်ဆိုသည့် အသေးစိတ်အချက်အလက်များကို ထည့်သွင်းဖော်ပြရပါမည်။ ဖြစ်နိုင်မည်ဆိုလျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ကုမ္ပဏီများမှ ၎င်းတို့ကို ထိန်းကျောင်းနေသည့် အစိုးရဌာနများ၊ စတော့ဈေးကွက်များ၊ သဘာဝသယံဇာတ လိုင်စင်ထုတ်ပေးသည့် အစိုးရဌာနများအတွက် လက်ရှိတင်ပြနေရသော စာရွက်စာတမ်းများတွင် တပါတည်း ပေါင်းစည်းဖော်ပြသင့်သည်။ ထိုအချက်အလက်များကို အများပြည်သူ ရရှိနိုင်သည့်နေရာများတွင် ထားရှိပြီး ၎င်းတို့ကို မည်သို့ဖတ်ရှု၊ အသုံးပြုနိုင်သည် ဆိုသည့်အချက်ကို EITI အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသင့်ပါသည်။

(ခ) EITI စံနှုန်းကို အကောင်အထည်ဖော်သည့်နိုင်ငံများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များ ထုတ်ဖော်ခြင်းနှင့်စပ်လျဉ်း၍ အစိုးရ၏ မူဝါဒနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ဆွေးနွေးချက်များကို မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။ ဤသို့ မှတ်တမ်းတင်ရာ၌ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော် တင်ပြခြင်းနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ ဥပဒေသတ်မှတ်ချက်များ၊ အမှန်တကယ် ထုတ်ဖော်တင်ပြခြင်းဆိုင်ရာ လုပ်နည်းလုပ်ဟန်များနှင့် ပြုလုပ်ရန်စီစဉ်ထားသည့် (သို့) ဆောင်ရွက်နေဆဲ ဖြစ်သည့် မည်သည့် ပြုပြင် ပြောင်းလဲမှုများကိုမဆို အသေးစိတ်ထည့်သွင်းသင့်ပါသည်။

(ဂ) EITI စံနှုန်းကို အကောင်အထည်ဖော်သည့်နိုင်ငံများအနေဖြင့် အကျိုးရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များအား တောင်းခံပြီး ကုမ္ပဏီများက အများပြည်သူသိရှိစေရန် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့ နောက်ဆုံးထား၍ ထုတ်ဖော်တင်ပြရန်လိုအပ်ပါသည်။ ထိုအချက်သည် ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုကဏ္ဍများတွင် စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းအတွက် လိုင်စင်များ (သို့) စာချုပ်များ ရှိထားသော (သို့) လျှောက်ထားသော (သို့) အကျိုးအမြတ်များထည့်သွင်းထားသော စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများအားလုံးအတွက် အကျုံးဝင်ပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များ၊ ပိုင်ဆိုင်မှုပမာဏနှင့် မည်သို့ပိုင်ဆိုင်ထိန်းချုပ်နေသည်ဆိုသည့် အသေးစိတ်အချက်အလက်များကို ထည့်သွင်းဖော်ပြရပါမည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များအား အစီရင်ခံရာတွင် သိသာထင်ရှားသည့် ကွာဟချက်များနှင့် အားနည်းချက်များအားလုံးကို ထုတ်ဖော်တင်ပြရပါမည်။ ၎င်းတို့တွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ

သတင်းအချက်အလက်အားလုံး (သို့) တစ်စိတ်တစ်ပိုင်းကို တင်ပြရန် ပျက်ကွက်ခဲ့သော မည်သည့် အဖွဲ့အစည်းများ၏ အမည်ကိုမဆို ဖော်ထုတ်တင်ပြခြင်းလည်း ပါဝင်ပါသည်။ ဤစံနှုန်းသတ်မှတ်ချက်ကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့ နောက်ဆုံးထား၍ အကောင်အထည်ဖော်ဆောင်ရာ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ သို့မဟုတ် လက်တွေ့ အတားအဆီးများ ရင်ဆိုင်နေရသည့် နိုင်ငံများအနေဖြင့် EITI စံနှုန်း၊ အခန်း (၄) ပါ EITI အကောင်အထည်ဖော်မှုအား ကြီးကြပ်ခြင်းဆိုင်ရာ အပိုဒ်ခွဲ (၁) တွင်ဖော်ပြထားသော EITI ဘုတ်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောညီထွေ ပြောင်းလဲ အကောင်အထည်ဖော်ရန် တောင်းဆိုနိုင်ပါသည်။

(ဃ) အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ရာတွင် ထိုသူ၏ အမည်၊ နိုင်ငံသား၊ နေထိုင်သည့် နိုင်ငံနှင့် နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူ ဖြစ်နေခြင်း (သို့ ) ဆက်စပ်မှု ရှိနေခြင်းတို့ကို ဖော်ထုတ်တင်ပြရန် လိုအပ်ပါသည်။ ထို့အပြင် နိုင်ငံသားမှတ်ပုံတင် အမှတ်၊ မွေးနေ့ ၊ အမြဲနေရပ်လိပ်စာ (သို့) လုပ်ငန်းလိပ်စာတို့အပြင် ဆက်သွယ်နိုင်သည့်နည်းလမ်းများပါ ထုတ်ဖော်တင်ပြရန် အကြံပြုပါသည်။

(င) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို အာမခံနိုင်ရန် အတွက် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့အနေဖြင့် လက်ရှိကျင့်သုံးနေသည့် နည်းစနစ်များရှိပါက ပြန်လည်သုံးသပ်သင့်ပြီး အထက်ပါ EITI စံနှုန်း ၂.၅ (ဂ) တွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့် စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများအတွက် လုပ်ထုံးလုပ်နည်းများကို သဘောတူညီမှု ရယူသင့်ပါသည်။ ၎င်းတို့အနက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များအား ဖော်ထုတ်သည့်ပုံစံတွင် ကုမ္ပဏီအုပ်ချုပ်သူ တာဝန်ရှိသူများအနက် တစ်ဦး (သို့) အကြီးတန်း ဥပဒေအရာရှိ... 

(စ) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်

(၁) ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သော အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ဆိုသည်မှာ သက်ရှိထင်ရှား လူပုဂ္ဂိုလ် (များ) ဖြစ်ပြီး ကုမ္ပဏီများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အန္တိမပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် သူများကိုဆိုလိုပါသည်။

(၂) “အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ” ဆိုသည့် စကားရပ်အတွက် လျော်ကန်သင့်မြတ်သည့် အဓိပ္ပာယ် ဖွင့်ဆိုချက်တစ်ရပ်ကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ သဘောတူရပါမည်။ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အထက်ပါ အပိုဒ် (စ/ ၁) နှင့် ကိုက်ညီသင့်ပြီး အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ပြည်တွင်း ဥပဒေများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

ထို့အပြင် မဖြစ်မနေ ထုတ်ပြန်ရမည့် ပိုင်ဆိုင်မှုရာခိုင်နှုန်း သတ်မှတ်ချက်ကိုလည်း သတ်မှတ်ရမည်။ ယင်းတွင် နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများ၏ အစီရင်ခံရမည့် အချက်အလက်များကိုလည်း တိတိကျကျဖော်ပြထားသင့်သည်။

(၃) အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သည့်ကုမ္ပဏီများ၊ ၎င်းတို့မှ ၁၀၀% ပိုင်ဆိုင်သည့် လက်ခွဲကုမ္ပဏီများအနေဖြင့် မိမိတို့၏ အစုရှယ်ယာ များကိုရောင်းချလျက်ရှိသော စတော့ဈေးကွက် အမည်၊ ထို့အပြင် ကုမ္ပဏီမှ စတော့ဈေးကွက်တွင် မိမိ၏ စာရင်းရှင်းတမ်းများကို တင်ထားသည့် အင်တာနက်စာမျက်နှာ လိပ်စာတို့အား ထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။

(၄) ဖက်စပ်လုပ်ငန်းများတွင် ဖက်စပ်ပါဝင်သည့်အဖွဲ့တစ်ဖွဲ့ချင်းစီအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်သင့်ပါသည်။ ခြွင်းချက်မှာ အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သည့်ကုမ္ပဏီများနှင့် ၎င်းတို့မှ ၁၀၀% ပိုင်ဆိုင်သည့် ကုမ္ပဏီများ ဖြစ်ပါသည်။ ယင်းအဖွဲ့တစ်ဖွဲ့ချင်းစီအနေဖြင့် ၎င်းတို့ပေးပို့သည့် အချက်အလက်များ၏ တိကျမှတ်ကန်မှုကို တာဝန်ယူရပါမည်။

(ဆ) EITI စံနှုန်းကို အကောင်အထည်ဖော်သည့်နိုင်ငံများ နှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့များအနေဖြင့် ယင်းကုမ္ပဏီများ၏ တရားဝင်(အမည်ပေါက်)ပိုင်ရှင်များနှင့် ထိုသူများ၏ ရှယ်ယာ ပိုင်ဆိုင်မှုကိုလည်း ထုတ်ဖော်တင်ပြရပါမည်။